# ကိုဒေးရဲ့ဝတ္ထုတွေ

ကိုဒေးရဲ့ သူ့ဘာသာသူရေးတဲ့ ဝတ္ထုတွေ ဖတ်ရတော့ အဲဒီအရေးအသားတွေအကြောင်း ရေးချင်တယ်။ ဒါပေတဲ့၊ မရေးချင်ဘူး။ မရေးချင်ရတဲ့ အကြောင်းရင်းတစ်ချက်ကတော့ ဒီဝတ္ထုတွေဟာ ဝတ္ထုဖတ်တဲ့ လူတွေ ဖတ်ကြည့်ဖို့ ရေးထားတာ။ တစ်ဆင့်ပြန်ပြောဖို့ မဟုတ်ဘူး။ ပြန်ပြောတဲ့ အပိုင်းက ပြီးပြီ။ သူက ပြန်ပြောထားတာ။ ပြန်ပြောတဲ့ နေရာမှာ ခရေစေ့တွင်းကျ ပြောထားတာ။ ဘာသာစကား အနေအထားအရတော့ အပြောကနေ အရေးဆီ ပြောင်းလိုက်တာ။ ဒီတော့၊ ကိုဒေးရဲ့ဝတ္ထုတွေ အကြောင်းက ပြန်ပြောလို့ (ပြန်ပြီးရေးပြလို့) မဖြစ်တော့ဘူး။ ဖတ်သူကိုယ်တိုင် ဝတ္ထုအရေးအသားနဲ့ တိုက်ရိုက်ဆက်ဆံဖို့ပဲ။ ဖတ်သူက လိုက်ပါသွားနိုင်ကောင်း လိုက်ပါသွားနိုင်မယ်။ ကျန်ရစ်ခဲ့ကောင်း ကျန်ရစ်မယ်။ စာအရေးအသားတွေကို ဖတ်ရာမှာ ဖတ်နိုင်စွမ်း အကြောင်းမကောင်းခဲ့လို့ လမ်းခုလတ်မှာ ရပ်လိုက်ရရင်တော့လည်း ကိုယ့်ကိစ္စနဲ့ ကိုယ်ပဲ။ ဘယ်သူ့ကိုမှ အပြစ်တင်နေလို့မရတဲ့ ကိစ္စ။ ကိုယ်ညံ့တာဟာ ဂုဏ်ယူစရာ တစ်ခုပဲလို့ လက်ခံထားတယ်ဆိုရင်တော့လည်း၊ တစ်မျိုး။ တစ်ခုရှိတာက၊ တခြားဘာသာစကားတွေက သူတို့သိမှုအခြေခံစကားလုံး အသုံးအနှုန်းတွေကို ကိုယ်နားလည်သလို အရမ်းဘာသာပြန်ပြီး စကောထဲ ထည့်လိုမ့်တာမျိုးတွေ မပါဘူး။

ရေးပြနိုင်တာတွေတော့လည်း ရှိတယ်။ ကိုဒေး ရေးထားတာတွေက ကိုလိုနီ သမိုင်းပညာရှင် ဒေါက်တာ ထင်အောင် ရေးခဲ့သလို ဝတ္ထုဖတ်တာ အပျင်းပြေချင်လို့ဆိုတဲ့ အမြင်အခြေခံသိမှုမှာ တည်ပြီး ဝတ္ထုဖတ်တဲ့ လူတွေအတွက် မဟုတ်ဘူးဆိုတာပဲ။ အဲဒီအမြင်မှာ အခြေခံပြီး ဝတ္ထုဖတ်တဲ့လူတွေ မရှိတော့ဘူးလို့၊ မဆိုလိုဘူး။ ရှိသေးတယ်။ အများကြီးကို ရှိနေသေးတယ်။ ရှိသမှ၊ သွားလေသူ ကျွန်တော့် ဆရာ



ကြီးတွေတောင် ပါတယ်။ မတတ်နိုင်ဘူး။ ဒါကတော့၊ ဘယ်သူမှ မတတ်နိုင်တဲ့ ကိစ္စ။ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ဆိုင်တာမဟုတ်ဘူး။ သိ–မှတ်–လက်ခံ–နားလည်မှုနဲ့ပဲ ဆိုင်တယ်။ အဓိကဆိုချင်တဲ့ အချက်တစ်ခုကတော့ ကနေ့ကာလ ('ပို့စ်မော်ဒန်ခေါ်ခေါ်' ပို့စ်–ပို့စ်မော်ဒန်ခေါ်ခေါ်၊ ကိုဘထွန်းခေါ်ခေါ် အဓိကဆိုချင်တာကတော့ 'ကနေ့ကာလ') မှာ ဝတ္ထုကဗျာစတဲ့ ဖန်တီးစာအရေးအသားတွေဟာ 'ရွှင်ပျော်ပျော်ခေတ်' အရေးအသားမျိုးတွေနဲ့ ဝေးခဲ့ပြီ။ ပျင်းလို့အပျင်းပြေအောင် ကဗျာဝတ္ထု ဖတ်လို့ မဖြစ်တော့ဘူး။ အပျင်းပြေချင်ရင်ဖြင့် ပင်လယ်ထဲ ခုန်ချလိုက်တာ အကောင်းဆုံးပဲနေမယ်။ ဒီပြင်၊ မျိုးတူစုပြုပြီး အရေးအသား တစ်ခုခုကို တိုင်းထွာကြည့်တာမျိုးဟာ ပညာရပ် အခြေခံလေ့လာမှုမှာ တည်တယ်။ စာရေးတဲ့လူ၊ စာဖတ်တဲ့လူရဲ့ကိစ္စ တစ်ခုတော့ မဟုတ်ဘူး။ ဂရုစိုက်နေစရာ မလိုဘူး။ ခု ကိုဒေးရဲ့ ဝတ္ထုတွေမှာ သူက ရေးပြတယ်။ ရေးပြတယ်ဆိုတာက ရှေးတုန်းကတော့ ပုံ ပြောတယ်လို့ ဆိုကြသလိုပဲ။ ပုံပြောတယ်လို့ ပြောမယ်ဆိုရင်တော့ ပုံ ပြောသမားကောင်းတစ်ယောက်ရဲ့ အားထုတ်မှုဟာ ပြောပြဖို့ပဲ။

ကိုဒေးရဲ့ ဝတ္ထုတွေကို ဘယ်လိုမျိုး ပေတံနဲ့မှ တိုင်းမပြချင်ဘူး။ ဒါပေတဲ့၊ သူ့ရဲ့ အားထုတ်ထားပုံကိုတော့ မြင်သာရုံ ရေးပြချင်တယ်။ ဒီဝတ္ထုတွေကို ဝတ္ထုတိုလို့ ခေါ်ချင်ခေါ်နိုင်တာက အတိုအရှည်၊ စာလုံးရေ အနည်းအများကို လိုက်လို့မဟုတ်ဘူး။ ဖြန့်ကြက်ထားတဲ့ အရေးအသားတွေအတွင်းမှာ စုစည်းမှု ရှိနေလို့ပဲ။ ဝတ္ထုရှည် ရေးကြတဲ့အခါ ဖြန့်ကြက်ထားတာတွေကို ဖြန့်ထားတဲ့အတိုင်း ထားတတ်ကြတယ်။ ဆက်ပြီး ဖြန့်တယ်။ ဒါကြောင့်ပဲ၊ အရေးအသားတွေဟာ ရှည်သွားတယ်။ တစ်စုတစ်စည်းတည်း ပြန်ဖြစ်လာအောင် အားမထုတ်တော့ဘူး။ ကိုဒေး ရေးထားတာတွေမှာ ပြန်စုထားတော့ (ပြောမယ်ဆိုရင်) ညီညွတ်မှုတစ်ရပ် ပေါ်နေတယ်။ ဆိုလိုတာက ဝတ္ထုတိုအကြောင်း တင်ပြခဲ့တဲ့ ပညာရှင်တစ်ဦး ပြောဖူးတဲ့ ဝတ္ထုတိုဆိုတာ အနုပညာ အခြေခံတည်ဆောက်မှုတစ်ခု ဖြစ်ရုံမကဘူး။ အတိုင်းအတာ တစ်ခုထဲက အဖြစ်အပျက် အကြောင်းအရာတွေ အနေအထားတွေ အတွေ့အကြုံတွေကို အပြန်အလှန် ဆက်စပ်ပြထားတာပဲ။ အဲဒီလိုပြရာမှာ ရေးတဲ့လူက သူ့ဖန်တီးမှု



ကို တစ်လုံးတစ်ခဲတည်းဖြစ်အောင် သူ့ဘာသာ အပြန်အလှန် ဆက်စပ်ထားပေးတာ တစ်ခုပဲ။ တစ်နည်းဆိုရရင်တော့ ဝတ္ထုရှည်တွေမှာလို ဖြန့်ထုတ်ရေးနိုင်သမျှ ရေးတာမျိုး မဟုတ်ဘူး။ ကိုဒေးရဲ့ ဝတ္ထုတွေကို ဖတ်ကြည့်ရင် ဒီအချက်ကို ရှာဖွေကြည့်နေစရာ မလိုဘူး။ ဝတ္ထုတိုင်းလိုလိုမှာ တွေ့ရနိုင်တယ်။ ဒါပေတဲ့

ဒါပေတဲ့၊ ကိုဒေးရဲ့ အရေးအသားထဲမှာ တွေ့နေရတဲ့ အရေးအသားတစ်ခုကတော့ အသက်နဲ့ ကိုယ်တွဲနေတုန်း ရှိနေကြတဲ့ လူတွေရဲ့ ဖြစ်နေခြင်းအထဲက အပိုင်းအစတွေပဲ။ ဒီတော့လည်း၊ ဒီအပိုင်းအစဆိုတာတွေဟာ ကာလတရား တစ်စုံတစ်ခုရဲ့ ဘောင်အတွင်းက အမှန်တရားလို့ ပြောရမှာတွေ။ 'ထိုတစ်ခဏအတွင်း က–ဖြစ်နေခြင်းပဲ။' (အမှန်တရားဆိုတာက ဖြစ်နေခြင်းပဲ) အရေးအသားရဲ့အတွင်းထဲက ပြောင်းလဲသွားတာ။ စာဖတ်တဲ့လူ သိဖို့ စာရေးတဲ့လူက ပေးထားတာ။ စာဖတ်တဲ့ လူကလွဲလို့ ဘယ်သူမှ မသိဘူး။ ဝတ္ထုရှည်တွေမှာလို ဘဝရဲ့အကြောင်း (ရှည်ကြာလှတဲ့ ဘဝနဲ့ဘဝတွေအကြောင်း) ကို အရှည်အကျယ်ကြီးရေးနေတာ/ ပြောနေတာ မဟုတ်ဘူး။ ဝတ္ထုတိုထဲမှာ ဖော်ထားတာက 'ထို–တစ်ခဏ' ဆိုတာတွေ (များလှစွာသော ထို–တစ်ခဏတွေလည်း ဖြစ်လာနိုင်တယ်) အထူးသဖြင့်၊ ကနေ့ကာလမှာ ရေးလာကြတဲ့ ဝတ္ထုတိုတွေမှာ လူတွေရဲ့ သီးခြားအပြုအမူတွေ၊ စရိုက်သကန်တွေကို လူမှုဆက်ဆံရေးဘဝတွေ အထဲမှာ အပြန်အလှန် ဆက်ဆံမှု ရှိနေတာတွေကို 'ပြ' ထားတတ်ကြတယ်၊ ကိုဒေးက သူ့ဖန်တီးစာ အရေးအသားထဲမှာ အများကြီးပြထားတယ်။ အမျိုးမျိုးအထွေထွေ ပြထားရာကနေ ပြန်စုတယ်။ ဒါပေတဲ့လည်း အဖြေပေးတာမဟုတ်ဘူး။ ဥပမာ၊ ပထမဦးဆုံးဝတ္ထု 'ကလေးညှော်သည်' ကိုပဲ ကြည့်။ မပေးရတာက သူရေးနေတာ မောင်ရင်မောင် မမယ်မဇာတ်လမ်း မဟုတ်လို့။

နောက်တစ်ချက်။ စာဖတ်တဲ့လူတွေကို မြင်စေချင်တာက ရပ်ဓလေ့ရွာဓလေ့ အခြေခံ အပြောစကားကို သုံးပြီး ရေးသားထားတဲ့အချက်။ အင်္ဂလိပ်စကားမှာ ပြောလေ့ရှိကြတဲ့ **Oral-colloquial speech form** ပဲ။ ဘာသာစကားအခြေခံနဲ့ သီကုံးပြောဆိုရေးသားကြရာမှာ ရပ်ဓလေ့ရွာဓလေ့အခြေခံနဲ့ သီကုံးပြောဆို (ရေးသား) ပုံမျိုးဟာ ကိုဒေးရေးထား



တဲ့ အရေးအသားမျိုးမှာ အသင့်တော်ဆုံးပဲ။ အမေရိကန်က ပါမောက္ခကြီးက ပြောလို့ ကျုပ်တို့ မြန်မာစာမှာ အဲဒီလို လိုက်ရေး–လိုက်တွေး ဆိုတာမျိုးတော့ မဟုတ်ဘူး။ ခု–အရေးအသားတွေမှာ နည်းပညာရယူမှု ရှိပေတဲ့ ပုံတူကူး အနုပညာဖြီးဖြန်း တည်ဆောက်မှု မရှိဘူး။ အထူးသဖြင့်၊ ဝတ္ထုအရေးအသားနဲ့ ကဗျာအရေးအသား အကြားမှာ ကွာဟချက်တစ်ခုက ပုံတူကူးအနုပညာ ဖြီးဖြန်း ဖော်ထုတ်တည်ဆောက်ပြမှုအပိုင်း။ ဖြီးပြီး အနောက်တိုင်းဆန်ဆန် ကဗျာတစ်ပုဒ်ရေးလို့ ရနိုင်တယ်။ အတုလုပ်ခံစားချက် (ဝေဒနာတစ်ခုခု) အရ မြန်မာဘာသာစကား/ စာအခြေခံ ကဗျာတစ်ပုဒ် ရေးလို့ရနိုင်တယ်။ ဖတ်တဲ့လူကလည်း မစွမ်းလူဇော်လုပ်ပြချင်လို့ ကောင်းလှချည်ရယ်လို့ ချီးမွမ်းခန်း ဖွင့်နိုင်မယ်။ တကယ်တန်းမှာတော့၊ ဘာမှဖြစ်မလာဘူး။ Baa Baa Black Sheep ဟာ ပဲ ပဲ သိုးမည်းဖြစ်ရုံကလွဲလို့ ဘယ်မှမရောက်ဘူး။ အကြောင်းက အနုပညာနဲ့ နည်းပညာအခြေခံ ထုတ်လုပ်မှုတို့ရဲ့ မတူညီမှုပဲ။ အနုပညာဖန်တီးတည်ဆောက်မှုမှာ နည်းပညာအခြေခံထုတ်လုပ်မှု တစ်ခုတည်းနဲ့ ထုတ်လုပ်လို့ မဖြစ်ဘူး။ မဖြစ်ရတာက နည်းပညာမှာ ဝေဒနာ (သိမှတ်ခံစားနားလည်နိုင်မှု) မပါဘူး။ ပလပ်စတစ်ကြယ်သီး ထုတ်လုပ်တာ၊ မော်တော်ကား ထုတ်လုပ်တာမှာ ဝေဒနာ မလိုဘူး။ ကဗျာတစ်ပုဒ်ကို ဘာမှမတွေးဘဲ ချရေးလို့မရဘူး။ မရရတာက ဘာရေးမယ်မှန်းမသိဘဲ လက်ကချမရေးနိုင်လို့ဘဲ။ ရေးဖို့ (ဘာနဲ့ရေးရေး စာရွက်ပေါ်ချရေးရေး ကွန်ပျူတာနဲ့ရေးရေး) အတွက် သိမှုကို အသုံးချရတဲ့ အပိုင်းပါနေလို့ပဲ။ အသုံးချလို့ရတဲ့ ဦးနှောက်ရဲ့ အစိတ်အပိုင်းတွေက အလုပ်လုပ်ဖို့ လိုသေးတာကိုး။

တချို့ဝတ္ထုတွေကို ဖတ်ရာမှာ ကိုဒေးက ဘာကို ရေးပြတာလဲဆိုတာမျိုးတော့ စဉ်းစားကြည့်စေချင်တယ်။ တချို့ အရေးအသားတွေထဲမှာ ပဓာနကျတဲ့အပိုင်းမှာ မှသာမဟုတ်ဘူး။ ဖြန့်ကြက်ဝန်းရံထားတဲ့ အကြောင်းတွေမှာလည်း စာရေးသူက ရေးပြထားတာတွေရှိတယ်။ 'ထနောင်းပင်နဲ့တူတဲ့လူ' 'ဦးရွှေကို သရဲစီးခြင်း' တို့ကို သတိထားဖတ်ကြည့်ကြစေချင်တယ်။ လူ့အဖွဲ့အစည်းရဲ့ ရှိနေတဲ့အနေအထား၊ လူမှုဆက်ဆံရေးဘဝ၊ သိသိချည်းနဲ့ ငြင်းဆိုခြင်းမရှိဘဲ လက်ခံထားတဲ့ နေ့စဉ်ဘဝဆိုင်ရာအမြင် (ကြီးကြီးကျယ်ကျယ် ပြောချင်ရင်တော့ နေ့စဉ်ဘဝ



ဆိုင်ရာ အရှိတရားတွေ) စတာတွေ အပုံကြီး တွေ့လာကြရလိမ့်မယ်။ ဒီလိုပဲ။ စဉ်းစားကြည့်စေချင်တဲ့ ဝတ္ထုတွေကတော့ 'အပင်'၊ 'ပန္နလက်ဆရာ'၊ 'လက်သည်းခွံအရွယ်ပမာဏသာ ရှိသော စကြဝဠာများ' နဲ့ 'တောင်ကုန်းတစ်ခုပေါ်မှာ' တို့ပဲ။ ကျွန်တော့် အမြင်သက်သက် ရေးရရင် 'သိပ်ပြီး ဥရောပဆန်တဲ့အတွေးပုံစံမှာ အခြေခံထားတာတွေ လို့ဆိုချင်တယ်'။ အနောက်တိုင်းဆန်တယ်၊ အမေရိကန်ဆန်တယ်လို့ ပြောချင်တာ မဟုတ်ဘူး။ အနောက်တိုင်း အတွေးပုံစံ၊ အမေရိကန် အတွေးပုံစံဆိုတာက တစ်မျိုး။ ဒီအတွေးပုံစံမျိုးနဲ့ ဖန်တီးရေးသားလေ့ရှိတာမျိုးဟာ ဥရောပက စာရေးဆရာ ကဗျာဆရာ အနုပညာသည်တွေဆီက ထွက်လာတတ်တယ်။ အထူးသဖြင့် ဥရောပအနောက်ပိုင်းနဲ့ အလယ်ပိုင်းဆီက ပေါ်လာတတ်တဲ့ အတွေးအမြင်မျိုး။ အရှေ့မှာတော့ တရုတ်၊ ဂျပန် စာရေးဆရာတွေဆီမှာ တွေ့ရတတ်တယ်။ သူတို့လည်း၊ အဲဒီဆီက ရတာဖြစ်မယ်။ ကိုဒေးကိုယ်တိုင်က စာ–ကဗျာ အဖတ်များရုံတင် မဟုတ်ဘူး။ အရပ်တစ်ပါးတွေမှာ တိုက်ရိုက် တွေ့ထိ သိမြင်ခဲ့တာတွေ ရှိတဲ့လူ။ တွေ့ထိ သိမြင်လာခဲ့တယ်ဆိုတာက တကယ့်ဘဝရဲ့ ဖြစ်ရပ်။ စီအင်အင် ကြည့်ပြီး ဘီဘီစီ နားထောင်ပြီးသိတဲ့ အသိမျိုး မဟုတ်ဘူး။ အရိပ်အရောင်သိဆိုကာမျှကလေးကို အခြေခံပြီး ဖော်ထုတ်ပြထားတာ မဟုတ်ဘူး။ ဒီလို အရေးအသားမျိုးကိုတော့ မြန်မာဘာသာစာအခြေခံ သက်သက်နဲ့ ဖတ်တဲ့လူတချို့ အားထုတ်ပြီး ဖတ်ကောင်း ဖတ်ကြရမယ် ထင်တယ်။ ဖတ်ဖို့လည်း လိုမယ်။ ရှေ့မှာ ရေးခဲ့သလို ကနေ့ကာလရဲ့ အရေးအသားတွေဆိုတာကလည်း မောင်ရင်မောင် မမယ်မလိုမျိုး ဇာတ်လမ်းရေးတဲ့ ခေတ်ကာလ မဟုတ်တော့လို့ပဲ။ စာဖတ်တဲ့ လူတွေအနေနဲ့ ဒီလို အရေးအသားတွေ ရှိနေတယ်၊ ရှိနေနိုင်တယ်ဆိုတာကိုတော့ သိဖို့လိုတယ်။

တစ်ခုတော့ရှိတယ်။ စတက်ဖန် မာလာ့မေ ပြောခဲ့ဖူးသလိုပဲ။ အနုပညာဆိုတာကလည်း ဆန်းကြယ်သား။ လူ နည်းနည်းကလေးလောက်ပဲ သဘောပေါက်နိုင်ကြတာကိုး။ ဒီတော့လည်း၊ ကိုဒေးရဲ့ ဝတ္ထုတွေကို မကြိုက်လှဘူး။ ဘဝင်မတွေ့လှဘူးဆိုရင်ဖြင့် ဘယ်သူကမှ အပြစ်မပြောနိုင်သလို ဘယ်သူ့ကိုမှလည်း အပြစ်တင်နိုင်မယ် မထင်ဘူး။ ကြည့်မှန် တစ်ချပ်ရှေ့သွားရပ်ပြီး မှန်ထဲကြည့်လိုက်ဖို့ပဲ လိုမယ်။ မှန်



ထဲမှာ တွေ့ရတာဟာ ငါနဲ့တော့ အတူသားရယ်လို့ သတိထားလိုက်မိရင်ဖြင့် ဘယ်သူကမှ သတိမထားလိုက်မိဘဲ သူ့ဘာသာ ပြောင်းလဲနေတာကြောင့် ကနေ့ကာလဆိုတာ ရှိပါကလားရယ်လို့ သတိထားလိုက်မိမယ်။ ကနေ့ကာလရဲ့ ရှိနေခြင်းအတွင်းက သိမှတ်ခံစားနားလည်ပုံတွေ ပြောင်းလဲနေတဲ့အထဲမှာ ငါပါမလာဘူးဆိုရင်ဖြင့် အကြောင်းတစ်ခုခု ရှိမှာပဲ။ ကိုဒေးရဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ ရေးထားတယ်။ မီးမလောင်ပဲနဲ့တော့လည်း မီးခိုးမရှိနိုင်ဘူး၊ တဲ့။

မြင့်သန်း
၂ မတ် ၂၀၂၂